# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကုသိုလ်စိတ်ကလေးထွက်ပြေးသွားတယ် | ၉ |
| ၂။ | ကိုယ်ပျက်ဝိဇ္ဇာ | ၂၀ |
| ၃။ | မေးမြန်းခြင်းသည်းခံပါ | ၃၁ |
| ၄။ | ရွှေပြည်စိုးသူ့ထက်ကဲ | ၄၃ |
| ၅။ | သေရင်မပြီးပါ | ၅၉ |
| ၆။ | သွားကြဦးမလားနိုင်ငံခြား | ၆၇ |
| ၇။ | အဘိုးသေသည့်နေ့ | ၇၈ |
| ၈။ | မေတ္တာဆွဲအားခြားနားပြီထင့် | ၉၃ |
| ၉။ | နှစ်ပေါင်းငါးဆယ်ကြာသောခါဝယ် | ၁၀၂ |
| ၁၀။ | လေထဲတွင်စိုက်ထားသောကျောက်တိုင် | ၁၂၁ |
| ၁၁။ | လောကီစျာန်နှင့်မထိုက်သည့်စရိုက်များ | ၁၃၄ |
| ၁၂။ | အမှီကောင်း | ၁၅၁ |
| ၁၃။ | ထက်ရပ်ရွာဆီကလက်ပတ်နာရီအကြောင်း | ၁၆၄ |
| ၁၄။ | ဆုတောင်းမဆုံးစေနဲ့စောကလျာ | ၁၇၇ |


# အမှာစာ

ဆုတောင်းမဆုံးစေနဲ့စောကလျာ လက်ရွေးစင်ဝတ္ထုတိုများသည် ကလျာမဂ္ဂဇင်းမှာ ဖော်ပြခဲ့သည့် ကျွန်တော့်ဝတ္ထုတို (၁၄)ပုဒ်ကို စုစည်းထားတာဖြစ်သည်။ ဆုတောင်းမဆုံးစေနဲ့စောကလျာနှင့် အခြားဝတ္ထုတိုများဖြစ်သည်။ ဝတ္ထုတို (၁၄)ပုဒ်လုံးသည် ကလျာမဂ္ဂဇင်းမှာ ဖော်ပြခဲ့တာတွေချည်းဖြစ်လို့ ကလျာဝတ္ထုတိုများဆိုလျှင်လည်း မှန်ပါသည်။

"ဆရာအဏ္ဏဝါ ဘာတွေလျှောက်ရေးတာလဲ . . .၊ အဲဒီ ဝတ္ထုတွေကို ကျွန်မဆီကို မပို့ပါနဲ့ . . .၊ နောက်ထပ်တစ်ပုဒ် ရေးပေးပါဦး"

ဒါက ကလျာမဂ္ဂဇင်း၏အယ်ဒီတာချုပ် ဆရာမကြီး ဒေါ်ကလျာက ကျွန်တော့်ကို တယ်လီဖုန်းဆက်ပြီးပြောသည့် စကားဖြစ်သည်။ ကျွန်တော်ရေးပို့သည့် ဝတ္ထုတိုကိုဖတ်ကြည့်ပြီး သူမကြိုက်လို့ ကျွန်တော့်ကို အသိပေးတာဖြစ်သည်။ နောက်တစ်ပုဒ် ရေးပေးရန် တောင်းဆိုသည်။ ဆရာမကြီးသည် ယဉ်ကျေးသိမ်မွေ့သူဖြစ်၍ ပေါက်ကရ စာတွေကိုရေးသည့် ကျွန်တော့်ကို မကြာခဏ ပယ်လေ့ရှိသည်။

ကျွန်တော်ကလည်း လင်လိုချင်လို့ ရူးစီရူးစီဖြစ်ပြီး ဒုက္ခရောက်နေသည့် အပျိုကြီးတွေအကြောင်း၊ တရားစခန်းတွေကို သွားပြီး လင်မယူချင်ဟန်ဆောင်နေသည့် အပျိုကြီးတွေအကြောင်း၊ တရားရိပ်သာတွေသွားပြီး မုဆိုးမ၊ တစ်ခုလပ် နှင့် အပျိုကြီးတွေကို သွားဖန်နေသည့် မုဆိုးဖို၊ တစ်ခုလပ်၊ လူပျိုကြီးတွေအကြောင်း ရေးပို့သည်။ ကျွန်တော့်ဇနီး ဒေါ်ဖြူတုတ်နှင့် အဆင်မပြေလို့ ကျွန်တော် တရားစခန်းဝင်သည့်အကြောင်း၊ ဆယ်ရက်စခန်းဝင်တာ ဘာတရားမှမရဘဲ အိမ်ပြန်ရောက်လာသည့်အကြောင်းတွေကို ရေးသည်။ ဝတ္ထုနာမည်က (တရားစခန်းမှ မယားအခန်းသို့) ဟူ၍လည်းကောင်း၊ (တရားရိပ်သာမှ မယား အိပ်ရာသို့) ဟူ၍လည်းကောင်း ရေးပို့ရာ ဆရာမကြီး စိတ်ပျက်သွားဟန်တူသည်။ အဲဒီလို မဖွယ်မရာစာတွေနှင့် အယုတ္တ အနတ္တတွေကို ဆရာမကြီးက လုံးဝ မကြိုက်လို့ သတိပေးတာဖြစ်သည်။

**ဆုတောင်းမဆုံးစေနဲ့စောကလျာ** ဝတ္ထုတိုတွေကတော့ ဆရာမကြီးကိုယ်တိုင်ကြိုက်လို့ ရွေးချယ်ပြီး ကလျာမဂ္ဂဇင်းမှာ ဖော်ပြပေးခဲ့သည့် ဝတ္ထုတိုတွေဖြစ်သည့်အပြင် ကျွန်တော်ကိုယ်တိုင်ကြိုက်သည့် ဝတ္ထုတိုတွေဖြစ်လို့ လက်ရွေးစင်ဝတ္ထုတိုများလို့ နာမည်ပေးလိုက်ရတာဖြစ်သည်။ ကလျာလက်ရွေးစင်ဝတ္ထု တိုများပင်ဖြစ်သည်။

စာချစ်သူများ ကျေနပ်ကြလိမ့်မည်ဟုထင်ပါသည်။ အားပေးဖတ်ရှုသည့်အတွက် ကျေးဇူးတင်ပါသည်။

အဏ္ဏဝါစိုးမိုး